京都大学
KYOTO UNIVERSITY



## ကျိုတိုတက္ကသိုလ်

- ၁၈၉၇ ခုနှစ်တွင် တည်ထောင်သည်။
- ဌာနကြီး ၁၀ ခု၊ ဘွဲ့လွန်သင်တန်းကျောင်း ၁၈ ခု နှင့် သုတေသနသိပ္ပံ ၃၅ ခု။
- နိုဘယ်ဆုရှင် ၁၁ ဦး
- နိုင်ငံပေါင်း ၁၂၀ မှ နိုင်ငံတကာကျောင်းသား ၂,၈၀၀ ဦး အပါအဝင်ကျောင်းသားပေါင်း ၂၂,၆၀၀ ဦး။
- သမိုင်းအစဉ်အလာကြီးမားသော ကျိုတိုမြို့တွင်တည်ရှိသည်။



## ကျိုတိုတက္ကသိုလ်၏နေ့စဉ်နေထိုင်မှုဘဝ



### ကျောင်းသားဆိုင်ရာ အကူအညီ

အတန်းကြီးကျောင်းသားများက အနီးကပ်သင်ပြပေးခြင်း၊ သင်ယူလေ့လာမှုနှင့် ကျောင်းသားဘဝနှင့်စပ်လျဉ်းပြီး အကြံဉာဏ်ပေးခြင်း



### ခ-ဇု-န ကျောင်းသားခန်းမဆောင်

နိုင်ငံတကာနှင့် ပြည်တွင်းကျောင်းသားများ၊ ဌာနကြီးများမှတာဝန်ရှိသူများနှင့်ဝန်ထမ်းများ အချင်းချင်းအကြား ယဉ်ကျေးမှုဖလှယ်ပွဲများ ကျင်းပလေ့ရှိသောနိုင်ငံတကာစုဝေးခန်းမ။



### ကျိုတိုမြို့၏ တည်နေရာ




ဆက်သွယ်ရန်


**Kyoto iUP Admissions Office, Kyoto University**
Yoshida Nihonmatsu-cho, Sakyo-ku, Kyoto 606-8501 Japan
အီးမေးလ်: kyoto_iup@mail2.adm.kyoto-u.ac.jp

http://www.iup.kyoto-u.ac.jp/

Kyoto iUP　kyotoiup


KYOTO UNIVERSITY

# KYOTO iUP

KYOTO UNIVERSITY
International Undergraduate Program

iup KYOTO UNIVERSITY








KYOTO UNIVERSITY



# ဂျပန်နိုင်ငံတွင် ဘွဲ့သင်တန်းတက်ရောက်လေ့လာနိုင်ရန် ထူးခြားသောအခွင့်အရေး

KYOTO iUP

KYOTO UNIVERSITY
International
Undergraduate Program

- ခြောက်လကြာ ပြင်ဆင်မှုသင်တန်းအပြီး လေးနှစ်ကြာ ဘွဲ့သင်တန်းပါဝင်သည့် ၄ နှစ်ခွဲ ကြာမြင့်သောစာသင်နှစ်
- မိမိတို့ရွေးချယ်သင်ယူလေ့လာသောအထူးပြုနယ်ပယ်အလိုက် ဘွဲ့ (bachelor's) ဒီဂရီရရှိမည့် သင်တန်းပြီးဆုံးမှု
- အစပိုင်းတွင် ဂျပန်ဘာသာစကားကျွမ်းကျင်မှုမလိုအပ်ခြင်း
- ကျောင်းသားများအတွက် စာသင်သားအဆင့် ဘာသာစကားကျွမ်းကျင်မှုရရှိစေမည့် စာသင်နှစ်တစ်ခုလုံးအတွင်း ဂျပန်စာ အထူးသင်တန်း
- ကျောင်းဝင်ကြေး/သင်တန်းကြေး ကင်းလွတ်ခွင့်နှင့် လစဉ်ပညာသင်ဆုပါဝင်သော ဘဏ္ဍာရေးအထောက်အကူ

## ကျိုတိုတက္ကသိုလ်နိုင်ငံတကာကျောင်းသားများအဆောင်

ကျိုတို iUPကျောင်းသားများအတွက်တက္ကသိုလ်၏နိုင်ငံတကာကျောင်းသားများအဆောင်ကို ထောက်ပံ့ပေးမည်ဖြစ်သည်။ ကျောင်းသားတိုင်းကို စာကြည့်စားပွဲ၊ ကုလားထိုင်၊ စာအုပ်စင်၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အင်တာနက် နှင့် အိပ်ယာတို့ အပြည့်အစုံပါဝင်သော မိမိတို့ကိုယ်ပိုင် သီးခြားအခန်းအား စီစဉ်ပေးထားသည်။ မီးဖို၊ အဝတ်လျှော်စက်၊ ရေချိုးခန်းများနှင့် အိမ်သာများသည် ဘုံသုံးဖြစ်သည်။ ကျောင်းဆောင်တိုင်းတွင် ကျောင်းသားများ အချင်းချင်း ရင်းနှီးစွာ ဆက်ဆံနေထိုင်နိုင်ရန်အတွက် အများသုံးဧည့်ခန်းကိုလည်း စီစဉ်ထားရှိသည်။





## ကျောင်းဝင်ကြေးနှင့် သင်တန်းကြေးကင်းလွတ်ခွင့်၊ ပညာသင်ဆု

- ကျောင်းဝင်ကြေးနှင့် ၄ နှစ်ခွဲစာ ကျောင်းလခကင်းလွတ်ခွင့်
- လစဉ်နေထိုင်မှုစရိတ် ယန်း ၁ သိန်း ၂ သောင်းကို ၄ နှစ်ခွဲကြာထောက်ပံ့မည့် ထူးချွန်မှုကိုအခြေခံသော ပညာသင်ဆု

| ပြင်ဆင်မှုသင်တန်း | | ပထမ ၂ နှစ် | ဒုတိယ ၂ နှစ် | |
|---|---|---|---|---|
| STEP 1 | အရည်အချင်း စစ်စာမေးပွဲ | STEP 2 | STEP 3 | ကမ္ဘာအနှံ့လုပ်ကိုင်ဆောင်ရွက်သော ဂျပန်ကုမ္ပဏီနှင့် အဖွဲ့အစည်းများ / ဘွဲ့လွန်သင်တန်းများ |
| ၆ လ ဂျပန်စာအထူး | | အထွေထွေ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာပညာရေး (အင်္ဂလိပ်/ဂျပန် ဘာသာဖြင့်) | သီးခြားအထူးပြုဘာသာရပ်များ (ဂျပန်ဘာသာဖြင့်) | |

ဂျပန်စာလေ့လာသင်ကြားမှုအတွက် စိုးရိမ်စရာမရှိပါ—ဤအစီအစဉ်က ထိုကိစ္စကို ဂရုစိုက်ဆောင်ရွက်ပေးမည်ဖြစ်သည်!





